## ဦးစားပေးမယ်

"ဒီနေ့ အရှုံးသုံးယောက် ကို ရှေ့ပိုင်းမှာ ရှေ့တန်းက ထည့်ကစားမယ်"

"ဖြစ်ပါ့မလား ဆရာ"

"ဟိုဘက်အသင်းက ကစားပုံကြမ်းတယ်ကွ။ အရှုံးလူကို ချလိုက်ပြီး ဟိုဘက်ကကြမ်းတဲ့ကောင်တွေ အဝါကဒ် တွေ အနီကဒ်တွေ ထိသွားပြီးမှ မင်းတို့ ဝင်"



## ကြိုးစားပုံက

အားကစား သတင်းထောက်က အသင်းသားတစ်ဦးကို အင်တာဗျူးတော့

"ရည်မှန်းချက်ကို ပြောပါဦး"

"အသင်းရဲ့ဂုဏ်သိက္ခာအတွက် အမြဲ ထိုင်နေဖို့ ဆုံးဖြတ်ထားပါတယ်။ ကျွန်တော်က အရံပါ"



## တစ်မျိုးစီပေါ့

"ကျွန်တော်က ဘောပွဲကြည့်နေရမယ်ဆိုရင် အိပ်လို့မပျော်တော့ဘူး"

"ဟုတ်လား ကျွန်တော်ကတော့ အိပ်ပျော်နေပြီဆိုရင် ဘောပွဲမကြည့်နိုင်တော့ဘူး"



## သိပါတယ်

ဘောသမားတွေက အသင်းခေါင်းဆောင်ကို ...

"ဘာလို့ပေစိကိုကျွန်တော်တို့ အသင်းထဲမှာကန်ဖို့ လက်ခံရတာလဲ။ ခင်ဗျားလည်းသိသားပဲ။ ဘယ်နေရာမှ သုံးမရဘူး၊ ထားလို့မရဘူး၊ ဘေးကထိုင် ကြည့်နေတဲ့ ပရိသတ်ထဲက တစ်ယောက်ယောက်ကို ဝင်ကန်ခိုင်းတာကမှ သူ့ထက် သာမယ်ဗျ"

ဒီတော့ပေစိက ...

"ငါ့အခြေအနေ ငါသိပါတယ်ကွာ။ စိတ်ချပါ။ မင်းတို့အသင်းထက် ညံ့တဲ့အသင်းတွေ့ရင် ပြောင်းသွားမှာပါ"